
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 5301-5320)
စာစဉ် – ၂၆၆

## အပိုင်း ( ၅၃၀၁ )

*

" အုန်း "

ဘေးဒုက္ခ ( ၁၀ ) ပါးနန်းတော်မှ အေးစက်သော အရှိန်အဝါက ပို၍ပင် ကြောက်စရာကောင်းလာပြီး တွင်းနက်ကြီးတစ်ခုက နန်းတော်၏ ဦးခေါင်းထက်တွင် ဖြစ်တည်လာ၏။

" မကောင်းတော့ဘူး "

ချင်းချန် ရွေးချယ်စရာမရှိသဖြင့် မကောင်းဆိုးဝါး အောက်လမ်းစွမ်းအားကို သုံးလိုက်ခြင်းဖြစ်သော်လည်း ယခုအချိန်တွင် ထိုစွမ်းအားက သူ၏ထိန်းချုပ်မှုအောက်မှ ရုန်းကန်လာခဲ့သည်။

" ရပ်စမ်း "

ချင်းချန် အော်ဟစ်လိုက်ပြီး ထိုမကောင်းဆိုးဝါး အောက်လမ်းစွမ်းအားကို ဖိနှိပ်ရန်အတွက် ပြုလုပ်လိုက်၏။

သို့သော် မကောင်းဆိုးဝါး အောက်လမ်းစွမ်းအားက သူ့ကိုပြန်လည်၍ တိုက်ခိုက်လာခဲ့သည်။

" အမ် .. ဒီကောင် အဲ့ဒီစွမ်းအားကို သေချာမထိန်းချုပ်နိုင်ဘူးလား ဒါက အခွင့်ကောင်းပဲ "

အရိုးဦးခေါင်းခွံ ချက်ချင်းပင် အနက်ရောင်အလင်းတန်းအဖြစ် ပြောင်းလဲသွားပြီး ချင်းချန်ဆီသို့ အရှိန်ဖြင့် ပြေးဝင်သွား၏။

ယခုတစ်ခေါက်ဝင်လာသော အရှိန်က ဟင်းလင်းပြင်ကိုတောင်မှ နှစ်ခြမ်းကွဲအောင် စုတ်ဖြဲသွားခဲ့သည်။

" မကောင်းတော့ဘူး "

အဝေးမှ အရှင်ရှားယိုတို့က ထိုမြင်ကွင်းကိုမြင်ပြီး စိုးရိမ်သွားကြ၏။

ထိုအချိန်တွင် ချင်းချန်၏အနောက် အဝေးတစ်နေရာတွင် ရပ်နေသော မဟာဘိုးဘေးက ချက်ချင်းလှုပ်ရှားလိုက်သည်။

သူကအရှေ့သို့ တိုးထွက်လာပြီး ကြီးမားသော မဟာလက်ဝါးကြီးတစ်ဖက်ကို ဖန်ဆင်းကာ အရိုးဦးခေါင်းခွံကို တားဆီးလိုက်၏။ ထိုလက်ဝါးကြီးတွင် နေ၊ လ၊ ကြယ်များက လည်ပတ်နေခဲ့သည်။

" ဟမ့် မင်းတို့ကောင်တွေက တော်တော်လေးကို သောက်လုပ်ရှုပ်တဲ့ကောင်တွေ "

ဘိုးဘေးဝမ်ဂူ ဒေါသတကြီး ရေရွတ်လိုက်၏။ ယခုအချိန်တွင် ချင်းချန်ကို သူ တိုက်ခိုက်ရန်အတွက် အခွင့်အရေးကောင်းဖြစ်သည်။ ထို့ကြောင့် တားဆီးလာသောအခါ ဒေါသထွက်သွား၏။

ချက်ချင်းပင် အရိုးဦးခေါင်းကြီးက လက်ဝါးကြီးနှင့် ထိပ်တိုက်တွေ့ဆုံသွားခဲ့သည်။

" အုန်း "

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး မဟာဘိုးဘေး ညည်းတွားလိုက်ကာ သူ၏လက်ဝါးကြီးက ပျက်စီး၍ သူ၏ဝိညာဉ် ခန္ဓာကိုယ်ကလည်း မှိန်ဖျော့သွား၏။ သူ၏ခြေထောက်အောက်

ဟင်းလင်းပြင်ကလည်း ထိုစွမ်းအားကို တောင့်ခံရင်း တဝုန်းဝုန်းဖြင့် ပြိုကျသွားခဲ့သည်။

သို့သော်လည်း မဟာဘိုးဘေးက အရိုးဦးခေါင်းကို တားဆီးနိုင်ခဲ့စွမ်းရှိ၏။

" ကြယ်သုံးပွင့် နိဗ္ဗာန်အဆင့် .. ဒီကောင်က ကြယ်သုံးပွင့် နိဗ္ဗာန်အဆင့်လား "

ဘိုးဘေးဝမ်ဂူ တော်တော်လေးကို ဒေါသပေါက်ကွဲသွားသည်။

ဤအရာက မူလစကြဝဠာကြီး မဟုတ်ဘူးလား။ အဘယ့်ကြောင့် ကြယ်သုံးပွင့်ကျင့်ကြံသူတစ်ယောက်က ရှိနေခဲ့သနည်း။ မူလစကြဝဠာထဲတွင် သူကြုံတွေ့နေရသည့်လူများက သူ့ကိုရှုးသွပ်စေရန် လုံလောက်၏။

ထိုအချိန်တွင် ချင်းချန်က မကောင်းဆိုးဝါး အောက်လမ်းစွမ်းအားများကို ထိန်းချုပ်ကာ ပြန်လည်၍ သတိဝင်လာသည်။

" ဂျိမ်း "

အဆုံးမဲ့သော မိုးကြိုးလျှပ်စီးများက ခန္ဓာကိုယ်မှ ပေါက်ကွဲထွက်လာပြီး မိုင်သန်းနှင့်ချီကို မိုးကြိုးပင်လယ်အဖြစ် ပြောင်းလဲသွားစေ၏။

ထိုမိုးကြိုးလျှပ်စီးများက အရိုးဦးခေါင်းခွံကိုပင် ဖုံးလွှမ်းသွားသည်။

တရားစီရင်ခြင်း မြင့်မြတ်မိုးကြိုးစွမ်းအားကို အစွမ်းကုန် ပြန်လည်ထုတ်သုံးလိုက်ခြင်းဖြစ်၏။

ချင်းချန် ဘိုးဘေးဝမ်ဂူကို မြန်မြန် အနိုင်ယူရမည်ဆိုတာကို နားလည်သည်။

" ချီ .. ချီ .. ချီ "

လျှပ်စီးကြောင်းများက ဆက်တိုက်ပင် အရိုးဦးခေါင်းခွံကြီးကို ထိမှန်ပြီး အရိုးဦးခေါင်းခွံမှ အနက်ရောင်အခိုးအငွေ့များကို ထွက်ပေါ်လာစေ၏။

" သောက်ခွေး ဒါကကော ဘယ်လိုတန်ခိုးစွမ်းအားလဲ "

ဘိုးဘေးဝမ်ဂူ နောက်ဆုံးတွင် တော်တော်လေး ထိတ်လန့်သွားပြီဖြစ်ပြီး လျင်မြန်စွာဖြင့် ဤနေရာမှ ထွက်ခွာရန် ကြံရွယ်သည်။

ဤနေရာက ရိုးရိုးနေရာမဟုတ်ချေ။ သူနေထိုင်သည့် မရဏာကမ္ဘာထက်ပင် ပို၍ကြောက်စရာကောင်းသော ငရဲဖြစ်၏။

" နတ်ဆိုးဘိုးဘေး "

သူလှည့်ကြည့်လိုက်သည့်အချိန်တွင် နတ်ဆိုးဘိုးဘေးကို လုံးဝမတွေ့ရတော့ပေ။ သူပတ်ပတ်လည် လှည့်ကြည့်လိုက်သောအခါ အလွန်ဝေးကွာသောနေရာ၌ နတ်ဆိုးဘိုးဘေးကို တွေ့လိုက်ရသည်။

" ခွေးမသား "

ဘိုးဘေးဝမ်ဂူ ဒေါသတကြီး ကျိန်ဆဲလိုက်၏။

တစ်ဖက်တွင် နတ်ဆိုးဘိုးဘေးက ဘိုးဘေးဝမ်ဂူ အခြေနေမကောင်းသည်နှင့် အရင်ဆုံး အဝေးသို့ထွက်ပြေးသွားခဲ့ခြင်း ဖြစ်သည်။

ဘိုးဘေးဝမ်ဂူ နတ်ဆိုးဘိုးဘေးကိုကြည့်ပြီး သတ်ဖြတ်လိုစိတ်များ မျက်လုံးထဲတွင် ထွက်ပေါ်လာ၏။

ဤကောင်က သူ့ကိုစွန့်ပစ်ပြီး အရင်ဆုံး ထွက်ပြေးသွားခဲ့သည်လား။

ယခုလုပ်ရပ်က ထိုနတ်ဆိုးဘိုးဘေးမှာ သူ့ကိုအစောကြီးကတည်းက ထိုကောင်လေးနှင့်တိုက်ခိုက်ရာတွင် ယခုလိုခံရမည်ဟု သိရှိနေပုံရသည်။ ဤအချက်က သူ့ကိုပို၍ ဒေါသထွက်လာစေ၏။

" ထွက်သွားချင်တာလား "

ထိုအချိန်တွင် ချင်းချန်၏ အေးစက်သောအသံက ထွက်ပေါ်လာသည်။

များပြားလှသော မိုးကြိုးလျှပ်စီးများက လျင်မြန်သောအရှိန်ဖြင့် နတ်ဆိုး

ဘိုးဘေးရှိရာသို့ တိုးဝင်လာ၏။

နတ်ဆိုးဘိုးဘေး သူ့ထံသို့တိုးဝင်လာသော မိုးကြိုးလျှပ်စီးများကိုကြည့်ပြီး အံကြိတ်လိုက်သည်။

" ပေါက်ကွဲစမ်း "

နတ်ဆိုးဘိုးဘေး၏ ဝိညာဉ်မူလစွမ်းအား တစ်စိတ်တစ်ပိုင်းက ချက်ချင်းပင် နတ်ဆိုးကမ္ဘာကြီး၏ လောကနှင့် ပေါင်းစပ်သွား၏။

တအုန်းအုန်းဖြင့် ကြောက်စရာကောင်းသော လျှိုင်းလုံးများက အရပ်မျက်နှာအနှံ့မှ ထွက်ပေါ်လာပြီး နတ်ဆိုးကမ္ဘာကြီးတစ်ခုလုံးက အဆုံးသတ်သို့ ရောက်ရှိတော့မည့်ကဲ့သို့ ပြိုကျလာတော့သည်။

နတ်ဆိုးဘိုးဘေးသည် ယခုအချိန်အထိ နတ်ဆိုးကမ္ဘာကို ထိန်းချုပ်နိုင်စွမ်း ရှိနေဆဲဖြစ်၏။ သူ အရင်တစ်ခေါက်က ထွက်ပြေးသလို နတ်ဆိုးကမ္ဘာကြီးကို ဖောက်ခွဲရန် ကြိုးစားခြင်းဖြစ်သည်။

ချင်းချန်၏ မျက်လုံးက မှေးစင်းသွား၏။

နတ်ဆိုးကမ္ဘာမှာ မူလစကြဝဠာထဲ၌ စွမ်းအားအကြီးဆုံး ကုန်းမြေတိုက်ကြီး တစ်ခုဖြစ်သည်။ ဤကုန်းမြေတိုက်ကြီး ပျက်စီးသွားလျှင် သူကတော့ ဘာမှဖြစ်မည် မဟုတ်သော်လည်း မူလစကြဝဠာကတော့ တော်တော်လေး ထိခိုက်သွားမည်ဖြစ်၏။

ထို့ကြောင့်လည်းသူက အရိုးကလန်၊ အင်းဆက်ကလန်နှင့် တစ္ဆေကလန်တို့ကို တိုက်ခိုက်ခဲ့သည့်အချိန်တွင် သူတို့၏နယ်မြေများကို မဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

သာမန်အချိန်မျိုးဆိုလျှင် ဤကဲ့သို့ ဖောက်ခွဲခြင်းကို ချင်းချန် အလွယ်တကူ ထိန်းချုပ်နိုင်စွမ်းရှိသော်လည်း ယခုတော့သူက အရိုး

ဦးခေါင်းကို ထိန်းချုပ်နေရသည့်အပြင် ဘေးဒုက္ခ ( ၁၀ ) ပါးနန်းတော် လည်း ထိန်းချုပ်နေရသေး၏။

နောက်ဆုံးတွင် ချင်းချန် သက်ပြင်းချလိုက်ပြီး သူ၏ခန္ဓာကိုယ်မှ လောက မူလစွမ်းအားက ပေါက်ကွဲထွက်လာသည်။

ထိုလောကမူလစွမ်းအား ပေါက်ကွဲထွက်လာသည်နှင့် ကောင်းကင်ထက် မှလည်း စကြဝဠာ၏ မူလအရင်းအမြစ်က ထွက်ပေါ်လာခဲ့ပြီး စွမ်းအားနှစ် မျိုးက ချိတ်ဆက်သွားခဲ့ကာ နတ်ဆိုးကမ္ဘာကြီးတစ်ခုလုံးကို ပျက်စီးနေရာမှ တည်ငြိမ်အောင် ပြန်လည်ထိန်းချုပ်လိုက်၏။

တစ်ချိန်တည်းမှာပင် ချင်းချန်က သူ၏မိုးကြိုးလျှပ်စီးများကို နတ်ဆိုးဘိုး ဘေးထံကနေ လမ်းကြောင်းလွှဲ၍ မြေအောက်ကမ္ဘာနှင့်ချိတ်ဆက်နေသော တွင်းပေါက်ကြီးဆီသို့ ပစ်လွှတ်လိုက်သည်။

တကျိမ်းကျိမ်းဖြင့် ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး မရဏကမ္ဘာနှင့် ချိတ်ဆက်နေသော ဝဲကတော့ကြီးက အက်ကွဲကြောင်းများ ဖြစ်တည်သွား ကာ ဟင်းလင်းပြင်က မတည်ငြိမ်တော့ပေ။

ယခုအချိန်တွင် မရဏကမ္ဘာက ဝင်လာသည်ဖြစ်စေ မူလစကြကနေ မရဏကမ္ဘာထဲ ဝင်သည်ဖြစ်စေ ထိုမတည်ငြိမ်သော လမ်းကြောင်းထဲ ဝင် ရောက်လိုက်ပါက ဟင်းလင်းပြင်အက်ကွဲကြောင်းထဲ ကျရောက်သွားပြီး ခန္ဓာကိုယ်မှာ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားမည်ဖြစ်၏။

ချင်းချန် ထိုအရာအားလုံး ပြုလုပ်ပြီးသည်နှင့် နတ်ဆိုးဘိုးဘေးကို လှည့် ပင်မကြည့်တော့ချေ။

ယခုအချိန်တွင် နတ်ဆိုးဘိုးဘေးထက် ပို၍အရေးကြီးသည့်သူက အရိုး ဦးခေါင်းထဲကလူဖြစ်သည်။

ဤလူက သူ့အတွက်တော့ ကြီးမားသော ဘေးဒုက္ခကပ်ဘေးကောင်လည်းဖြစ်၏။

***

အပိုင်း ( ၅၃၀၂ )

*

" မင်း… "

ချင်းချန်က သူ့ကိုစိုက်ကြည့်လာလျှင် အရိုးဦးခေါင်းထဲမှ ဘိုးဘေးဝမ်ဂူ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားသည်။

" အုန်း "

ချင်းချန် ဘေးဒုက္ခ ( ၁၀ ) ပါးနန်းတော်ကို ထိန်းချုပ်ပြီး အရိုးဦးခေါင်းဆီသို့ ဦးတည်လိုက်၏။

တစ်ချိန်တည်းမှာပင် မဟာဘိုးဘေးက ရှေ့သို့ခြေတစ်လှမ်းတိုးလာပြီး ကြောက်စရာကောင်းသော ကြယ်သုံးပွင့် နိဗ္ဗာန်အဆင့်စွမ်းအားက ထွက်ပေါ်လာခဲ့ကာ အရိုးဦးခေါင်းကို ဖိနှိပ်လာသည်။

" ကောင်လေး မင်းငါ့ကို တွန်းအားမပေးနဲ့ "

ဘိုးဘေးဝမ်ဂူ၏ စိတ်များက လေးလံသွားပြီး သူ၏ဝိညာဥ်က စတင်လောင်ကျွမ်းလာတော့၏။

ယခုတစ်ခေါက် ထွက်ပေါ်လာသော သေခြင်း၏ မရဏအရှိန်အဝါက သေလွန်သူများ၏ စွမ်းအားများ စုစည်းပါဝင်လာသည်။

ဤအရာက ဘိုးဘေးဝမ်ဂူမှာ သူ့ကိုသာ ဆက်လက်၍ တွန်းအားပေးမည်

ဆိုလျှင် သူ၏ဇာတိရတနာနှင့် ဝိညာဥ်ကို ဖောက်ခွဲမည်ဟု အချက်ပြလိုက်ခြင်းနှင့် အတူတူပင်ဖြစ်၏။ သူ၏ဇာတိရတနာနှင့် ဝိညာဥ်သာ ပေါက်ကွဲသွားပါက ထိုမှထွက်ပေါ်လာသည့် သေခြင်းစွမ်းအားမှာ မူလစကြဝဠာတစ်ခုလုံးကိုပင် ညစ်နွမ်းသွားစေမည်ဖြစ်သည်။

ထိုအချိန်တွင် ချင်းချန်က ဘိုးဘေးဝမ်ဂူကို သတ်လိုက်နိုင်လျှင်ပင် မူလစကြဝဠာတွင်ရှိသော သက်ရှိများအားလုံးက အသေကောင်များအဖြစ်ပြောင်းလဲသွားပေမည်။

ထိုမြင်ကွင်းကိုကြည့်ကာ အဝေး၌ရှိသော နတ်ဆိုးဘိုးဘေး၏ မျက်နှာ၌ပျော်ရွှင်မှုများ ထွက်ပေါ်လာသည်။

အကြီးအကဲသာ ထိုသို့ပြုလုပ်မည်ဆိုလျှင် သူက ဤအခွင့်အရေးကို ရယူကာ လွတ်မြောက်နိုင်ချေများ၏။

" သခင်လေးချန် သတိထား ဒီလူက သူ့ကိုယ်သူဖျက်ဆီးဖို့ ကြံရွယ်နေတာ၊ အဲ့လိုသာလုပ်လိုက်ရင် မူလစကြဝဠာတစ်ခုလုံးက ပျက်စီးသွားမှာဖြစ်ပြီး ဒီလက်အောက်ငယ်သားရဲ့ ကျင့်ကြံအဆင့်နဲ့တောင်မှ အဲ့ဒီအရာကိုတားဆီးလို့ရမှာမဟုတ်ဘူး "

မဟာဘိုးဘေးက ထိတ်လန့်တကြားဖြင့် ပြောလိုက်သည်။

မဟာဘိုးဘေးမှာ ကြယ်သုံးပွင့် နိဗ္ဗာန်အဆင့်သာဖြစ်ပြီး ဘိုးဘေးဝမ်ဂူက ကြယ်သုံးပွင့် နိဗ္ဗာန် အထွတ်အထိပ်အဆင့်ကို ရောက်ရှိနေသောသူဖြစ်၏။ သူတို့နှစ်ယောက်ကြား စွမ်းအားကွာခြားမှုက အလွန်ကြီးမားလှသည်။

တစ်ဖက်တွင် ချင်းချန်၏မျက်နှာကလည်း မဲမှောင်နေ၏။

ဤအရာက သူ့အတွက် ဝေခွဲမရဖြစ်စေသော အရာဖြစ်သည်။

ထိုလူသာ သူ့ကိုယ်သူ ဖောက်ခွဲလိုက်လျှင် သူတို့တစ်ဖွဲ့လုံး အန္တရာယ်မရှိ

အောင် ကာကွယ်နိုင်သော်လည်း တစ်ဖက်လူ၏ သေခြင်းစွမ်းအားကိုတော့ မူလစကြဝဠာတစ်ခုလုံး မညစ်နွမ်းအောင်လို့ တားဆီးနိုင်မည်ဟု သူမထင်ချေ။

ဤသည်မှာ ကြယ်သုံးပွင့် နိဗ္ဗာန်အထွတ်အထိပ်အဆင့် ကျင့်ကြံသူတစ်ယောက်၏ ဖောက်ခွဲမှုစွမ်းအားဖြစ်၏။ ဤစွမ်းအားက တောင်ပိုင်းဟိုင်နန်ဒေသ ( ၁၃ ) ခုတွင် ဆိုလျှင်တောင်မှ ကာကွယ်နိုင်မည် မဟုတ်ချေ။

သို့သော် သူသာဤကိစ္စကို မဖြစ်စေလိုလျှင် ထိုအရိုးဦးခေါင်းနှင့် မရဏာကမ္ဘာမှ သန်မာသည့်ကျင့်ကြံသူကို လွှတ်ပေးရန် နည်းလမ်းတစ်လမ်းသာရှိသည်။

ချင်းချန်၏မျက်လုံးများက ပို၍မှုန်ကုပ်လာ၏။

" အုန်း "

ချက်ချင်းပင် ရှေးဟောင်းကောင်းကင်ယုမျှော်စင်က သူ၏ဦးခေါင်းထက်၌ ထပ်မံထွက်ပေါ်လာသည်။

" ငရဲမြစ်အင်ပါယာ စိတ်မကောင်းပါဘူး အိပ်မနေနဲ့တော့ မင်းရဲ့မြေအောက်ကမ္ဘာက လူတစ်ယောက်ကို လာထိန်းဦး "

ချင်းချန်၏ အသိစိတ်က ငရဲမြစ်အင်ပါယာ အိပ်နေသည့်ဆီသို့ ဝင်ရောက်သွား၏။

ချင်းချန်၏လက်ရှိ ကျင့်ကြံအဆင့်ဖြင့် ထိုလူကိုယ့်ကိုယ်ကိုယ် ဖောက်ခွဲခြင်းမှ ထွက်ပေါ်လာသော သေခြင်းစွမ်းအားကို မတားဆီးနိုင်သော်လည်း ငရဲမြစ်အင်ပါယာကတော့ ပြဿနာရှိမည်မဟုတ်ချေ။

မရဏာအင်ပါယာလေးပါးထဲမှ တစ်ပါးအနေဖြင့် ကြယ်သုံးပွင့် နိဗ္ဗာန်အထွတ်အထိပ်အဆင့် ကျင့်ကြံသူတစ်ယောက်၏ သေခြင်းမရဏာစွမ်းအား

များကို စုပ်ယူနိုင်မည်မှာ ကျိန်းသေသည်။

" အုန်း "

ချင်းချန်၏ စကားသံဆုံးသည်နှင့် ရှေးဟောင်းကောင်းကင်ယုမျှော်စင်ထဲမှ လူတိုင်းကိုထိတ်လန့်တုန်လှုပ်စေသော သေခြင်း၏အရှိန်အဝါက ပေါက်ကွဲထွက်လာ၏။

" ဟူး... "

သက်ပြင်းချသံနှင့်အတူ ရှေးဟောင်းကောင်းကင်ယုမျှော်စင်ထဲမှ ရှေးဟောင်းသတ္တဝါကြီး နိုးထလာသကဲ့သို့ ကြောက်စရာကောင်းသည့် တည်ရှိမှုတစ်ခုက နိုးထလာသည်။

သူ၏သေခြင်းအရှိန်အဝါက မူလစကြဝဠာ၏ မည်သည့်ထောင့်တစ်နေရာမှမကျန်အောင် ဖုံးလွှမ်းသွားတော့၏။

ထိုအရှိန်အဝါတစ်ခုတည်းကပင် မူလစကြဝဠာတစ်ခုလုံးကို ဖျက်ဆီးရန် လုံလောက်သည်။

တစ်ချိန်တည်းမှာပင် ဒေါသထွက်နေသော အသံကလည်း မူလစကြဝဠာတစ်ခုလုံးကို ပဲ့တင်ထပ်သွားတော့၏။

" ချီးပဲ ဘယ်ငရဲပြည်က ပုရွက်ဆိတ်တစ်ကောင်က လွတ်ထွက်လာတာလဲ၊ မင်းက ကောင်လေးချန်ကို စော်ကားရဲတဲ့အပြင် ဒီအင်ပါယာအိပ်နေတာကိုလဲ နှောင့်ယှက်ရဲတယ် "

" အုန်း "

ထိုဒေါသအသံကြောင့် လောကကြီးပင် တုန်ခါသွားတော့သည်။

ထို့နောက် သေခြင်းစွမ်းအားဖြင့် ဖန်တီးထားသော လက်ဝါးကြီးတစ်ဖက်က ကောင်းကင်နှင့်မြေကြီးကြားတွင် ထွက်ပေါ်လာပြီး ပြင်းထန်သော

အရှိန်အဝါများ ထွက်ပေါ်နေသည့် အရိုးဦးခေါင်းဆီသို့ ကျဆင်းလာ၏။

ထိုလက်ဝါး၏အောက်တွင် လောကတောင်မှ အကျဉ်းကျသွားခဲ့သည်။

" အား… "

အရိုးဦးခေါင်းထံမှ နာကျင်စွာ အော်ဟစ်သံ ထွက်ပေါ်လာ၏။ သူ ထုတ်ဖော်ထားသော စွမ်းအားများအားလုံးက အပြင်းအထန်ဖိနှိပ်ခြင်း ခံလိုက်ရပြီး ဤမူလစကြဝဠာနှင့် ခြားနားနေသော ကမ္ဘာတစ်ခုသို့ ရောက်ရှိသွားသကဲ့သို့ အကျဉ်းချခြင်းခံလိုက်ရသည်။

" မြင့်မြတ်တဲ့မရဏတန်ခိုးစွမ်းအား .. ဒါက မြင့်မြတ်တဲ့ မရဏတန်ခိုးစွမ်းအားပဲ၊ မြေအောက်ကမ္ဘာက ဘယ်လိုတန်ခိုးရှင်က အဲ့ဒီမျှော်စင်ထဲမှာ ရှိနေတာလဲ "

ဘိုးဘေးဝမ်ဂူ၏ တုန်လှုပ်နေသောအသံက ထွက်ပေါ်လာ၏။

ထိုမြင့်မြတ်သော မရဏတန်ခိုးစွမ်းအားအောက်တွင် သူ၏တည်ရှိမှုက ပုရွက်ဆိတ်ငယ်လေးကဲ့သို့ ဖြစ်နေခဲ့သည်။ ၎င်းက သူသေဆုံးပြီးနောက် ငရဲပြည်သို့ ပထမဆုံးရောက်ရှိခဲ့သည့် အချိန်သို့ တစ်ကြော့ပြန်သွားသလို အဆုံးမဲ့သော ကြောက်ရွံ့မှုကို ခံစားနေရခြင်းဖြစ်၏။

ဤအရာက နဂါးတစ်ကောင်၏မျက်လုံးနှင့် အကြည့်ချင်းဆုံသွားသော ပုရွက်ဆိတ်လေးတစ်ကောင်ကဲ့သို့ ခံစားချက်ဖြစ်သည်။ ဤရှေးဟောင်းမျှော်စင်ထဲတွင် ငရဲပြည်မှ မြင့်မြတ်သော တည်ရှိမှုတစ်ယောက် ရှိနေမည်မှာ သေချာ၏။

ထို့အပြင် အကြောင်းအရင်းတစ်ခုကြောင့် ဘိုးဘေးဝမ်ဂူက ထိုလူ၏မြင့်မြတ်သော မရဏတန်ခိုးစွမ်းအားကို ရင်းနှီးသည်ဟု ခံစားနေရသည်။

သို့သော် ယခုအချိန်တွင် သူ့ကိုတိုက်ရိုက်ဖမ်းဆုပ်လာသော သေခြင်း

လက်ကြီးထဲမှ လွတ်မြောက်ရန်အတွက် အသည်းအသန် ရုန်းကန်နေရ၏။ သို့သော် သူမည်သို့ရုန်းကန်ပါစေ အကျိုးမရှိပေ။

တစ်ခုတည်းသော အကျိုးရလဒ်ကတော့ ထိုလက်ဝါးကြီး၏ ဖိချေမှု အောက်တွင် သူပျောက်ကွယ်သွားမည်ဟု ခံစားနေရခြင်း ဖြစ်သည်။

" မဟုတ်ဘူး ငါဒီလိုမသေနိုင်ဘူး "

ဘိုးဘေးဝမ်ဂူ၏ အရိုးခေါင်းမှ အနက်ရောင်မီးတောက်များ တောက်လောင်လာပြီး အရာအားလုံးကို လောင်ကျွမ်းလာ၏။

သို့သော် အရိုးဦးခေါင်းမှ မည်သည့် သေခြင်းစွမ်းအားများ ထွက်လာပါစေ လက်ဝါးကြီး၏အောက်တွင် ခုခံနိုင်စွမ်းမရှိပဲ လျှင်မြန်စွာဖြင့် ကြေမွပေါက်ကွဲသွားသည်။

သူ၏စွမ်းအားအကုန် လောင်ကျွမ်းခြင်းက အသုံးဝင်ခြင်းမရှိပေ။

" စီနီယာ ဒီဂျူနီယာက မြေအောက်ကမ္ဘာရဲ့ အင်ပါယာလေးပါးထဲ ငရဲမြစ်အင်ပါယာရဲ့ လက်အောက်မှာရှိတဲ့ စစ်သူကြီးဝမ်ဂူပဲ၊ ငရဲမြစ်အင်ပါယာရဲ့ မျက်နှာကိုထောက်ပြီးတော့ ဒီဂျူနီယာရဲ့အသက်ကို ချမ်းသာပေးပါ "

ဘိုးဘေးဝမ်ဂူ ယခုအချိန်တွင် သူကငရဲမြစ်အင်ပါယာ၏ လက်အောက်ငယ်သားဆိုသောအချက်ကိုသာ မျှော်လင့်ချက်ထားနိုင်၏။

ဤလူက မြေအောက်ကမ္ဘာ၏ သန်မာသော မြင့်မြတ်သည့် တည်ရှိမှုဖြစ်သဖြင့် ငရဲမြစ်အင်ပါယာ၏အကြောင်းကို သိရှိမည်မှာ ကျိန်းသေသည်။

***